Daiichi Life

# Daiichi Active Care



မျှော်လင့်မထားသော မတော်တဆမှုများကို
အကာအကွယ်ယူထားပြီး

## ဘဝကို စိတ်ကြိုက်ပုံဖော်လိုက်ပါ...

မတော်တဆမှုဆိုတာ အချိန်မရွေးကြုံတွေ့နိုင်ပြီး ထိခိုက်ဒဏ်ရာရရှိခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း သို့မဟုတ် အသက်ဆုံးရှုံးခြင်းများအထိ ဖြစ်ပေါ်နိုင်ပါတယ်။

**Daiichi Active Care** က မတော်တဆမှုကြောင့် သေဆုံးခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းများ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းနှင့် ဆေးရုံတက်ရောက် ကုသရခြင်းများအတွက် ပြီးပြည့်စုံသော ငွေကြေးအကာအကွယ် အာမခံဖြစ်ပါတယ်။

## Daiichi Active Care အကာအကွယ်ကို ရွေးချယ်သင့်သည့်အဓိကအချက်များ

မတော်တဆမှုကြောင့် သေဆုံးခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်း ထိခိုက်ပျက်စီးဆုံးရှုံးခြင်းနှင့် ဆေးရုံတက်ရောက်ကုသခြင်းများအတွက် ငွေကြေးကာကွယ်မှု ရရှိနိုင်ပါသည်။

## အာမခံထားရှိရန်အတွက်လိုအပ်သည့်အချက်များ

### အသက်အာမခံထားသူ၏ အသက်အပိုင်းအခြား

- အသက် (၁၈) နှစ်မှ (၆၄)နှစ်အထိ
  (ထားရှိနိုင်သော အကြီးဆုံး အသက်အပိုင်းအခြား – ၆၅ နှစ်)

### ပေါ်လစီသက်တမ်း

- (၁) နှစ်မှ (၁၅) နှစ်

### ပရီမီယံသက်တမ်း

- (၁) နှစ်မှ (၁၅) နှစ်

### အာမခံထားငွေ

- ငွေကျပ် သိန်း ၅၀ မှစ၍
  (အာမခံလက်ခံဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ပေါ် မူတည်၍ အများဆုံးအာမခံထားငွေကို သတ်မှတ်နိုင်သည်။)

# Daiichi Active Care အကျိုးခံစားခွင့်များနှင့် ရရှိနိုင်သော အာမခံကာကွယ်မှုများ

| အာမခံအကျိုးခံစားခွင့်များ | | Package A | Package B | Package C | Package D |
|---|---|---|---|---|---|
| မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှု၊ ထာဝစဉ်မသန်စွမ်းဖြစ်မှုအတွက် ၁၀၀% | | ✓ | ✓ | ✓ | ✓ |
| အကျိုးခံစားခွင့်အခကြေးငွေပေး၍ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးဖြင့် ခရီးသွားနေစဉ် မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးခြင်းအတွက် ၁၀၀% အပိုထပ်ဆောင်း အကျိုးခံစားခွင့် | | | ✓ | | ✓ |
| မတော်တဆဖြစ်ရပ်ကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ထိခိုက်ပျက်စီးခြင်း အကျိုးခံစားခွင့် | | | ✓ | | ✓ |
| **အောက်ဖော်ပြပါ အချက်များသည် ထာဝစဉ်ဆုံးရှုံးမှုများဖြစ်ပေါ်သည့် အခြေအနေများကို ဆိုလိုသည်** | **ပေးအပ်မည့် ပမာဏ (အာမခံထားငွေ၏ %)** | | | | |
| (၁) လက်နှစ်ဖက်လုံး | ၁၀၀% | | | | |
| (၂) ခြေနှစ်ဖက်လုံး | ၁၀၀% | | | | |
| (၃) မျက်စိနှစ်လုံးစလုံး | ၁၀၀% | | | | |
| (၄) လက်တစ်ဖက်နှင့် ခြေတစ်ဖက် | ၁၀၀% | | | | |
| (၅) လက်တစ်ဖက်နှင့် ခြေတစ်ဖက်နှင့် မျက်စိတစ်လုံး၏ အမြင်စွမ်းရည် | ၁၀၀% | | | | |
| (၆) နားနှစ်ဖက်လုံး၏ အကြားစွမ်းရည် | ၅၀% | | | | |
| (၇) လက်တစ်ဖက် သို့မဟုတ် ခြေတစ်ဖက် | ၅၀% | | | | |
| (၈) မျက်စိတစ်လုံး၏ အမြင်စွမ်းရည် | ၃၀% | | | | |
| (၉) လက်မတစ်ဖက် | ၁၀% | | | | |
| (၁၀) ခြေမတစ်ဖက် | ၅% | | | | |
| (၁၁) (လက်မမှတစ်ပါး) အခြားလက်ချောင်းများ | ၂% | | | | |
| (၁၂) (ခြေမမှတစ်ပါး) အခြားခြေချောင်းများ | ၁% | | | | |
| ခန္ဓာကိုယ် မျက်နှာပြင် ဧရိယာ၏ ၃၀% ထက်ပိုအောင် ထိခိုက်သော ဒုတိယအဆင့် လောင်မြိုက်ပျက်စီးခြင်း | ၅၀% | | | | |
| ခန္ဓာကိုယ် မျက်နှာပြင် ဧရိယာ၏ ၂၀% ထက်ပိုအောင် ထိခိုက်သော တတိယအဆင့် လောင်မြိုက်ပျက်စီးခြင်း | ၁၀၀% | | | | |
| မတော်တဆဖြစ်ရပ်ကြောင့်မဟုတ်ပဲ သေဆုံးခြင်း (သို့) ထာဝစဉ် မသန်စွမ်းဖြစ်ခြင်းအတွက် ပရီမီယံကြေး ပြန်လည်ထုတ်ပေးခြင်း (for policy term 5 years and above) | | | ✓ | ✓ | ✓ |
| မတော်တဆဖြစ်ရပ်ကြောင့် ပုံမှန်နေ့စဉ် ဆေးရုံတက်ရောက်ကုသခြင်း တစ်ရက်ကို အာမခံထားငွေ၏ ၀.၂ % အကျိုးခံစားခွင့် | | | | ✓ | ✓ |
| မတော်တဆဖြစ်ရပ်ကြောင့် ပုံမှန်နေ့စဉ် အထူးကြပ်မတ် ကုသဆောင်တွင် တက်ရောက်ကုသခြင်း တစ်ရက်ကို အာမခံထားငွေ၏ ၀.၂ % ထပ်တိုးအကျိုးခံစားခွင့် | | | | ✓ | ✓ |

# Daiichi Active Care အကျိုးခံစားခွင့်ဖြစ်စဉ်
# (၁၀ နှစ် ပေါ်လစီသက်တမ်း)

ဥပမာ။ အသက် ၄၀ နှစ်ရှိပြီဖြစ်သော ဦးအေးသည် (၁၀) နှစ်သက်တမ်းရှိ **Daiichi Active Care** အာမခံပေါ်လစီ **(Package D)** တစ်ခုကို ဝယ်ယူပါသည်။

## အာမခံထားငွေ

- ငွေကျပ် သိန်း ၁၅၀

## နှစ်စဉ်ပရီမီယံကြေး

- ငွေကျပ် ၁၀၂,၃၇၅

## ပေါ်လစီနှစ်

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |

မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးမှုနှင့် ထာဝစဉ် မသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့်၊
မတော်တဆဖြစ်ရပ်ကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ထိခိုက်ပျက်စီးခြင်း အကျိုးခံစားခွင့်၊
မတော်တဆဖြစ်ရပ်ကြောင့် ဆေးရုံတက်ရခြင်း အကျိုးခံစားခွင့်



မှတ်ချက်။ မတော်တဆဖြစ်ရပ်ကြောင့်မဟုတ်ဘဲ သေဆုံးခြင်း (သို့) ထာဝစဉ် မသန်စွမ်းဖြစ်ခြင်းအတွက် ပရီမီယံကြေး ပြန်လည်ထုတ်ပေးခြင်း (ပေါ်လစီသက်တမ်း ၅နှစ်နှင့်အထက်များအတွက်)

# မေးလေ့မေးထရှိသော မေးခွန်းများ

**၁။ "မတော်တဆမှု (Accident)" ကို မည်သို့သတ်မှတ်ထားပါသလဲ။**

မတော်တဆမှုဆိုသည်မှာ မမျှော်လင့်ထားသော၊ ကိုယ်တိုင်ရည်ရွယ်ခြင်းမရှိသော၊ ပြင်ပမှ ဖြစ်ပေါ်လာပြီး မြင်သာသောအဖြစ်အပျက်တစ်ရပ်ကြောင့် ကိုယ်ခန္ဓာ ထိခိုက်ဒဏ်ရာရရှိခြင်းကို ဆိုလိုပါသည်။

**၂။ အာမခံကြေး ပြန်လည်ပေးအပ်မှု (Return of Premium – ROP) အကျိုးခံစားခွင့်ဆိုသည်မှာ အဘယ်နည်း။**

သင့်ပေါ်လစီသက်တမ်းသည် (၅) နှစ် (သို့မဟုတ်) ထို့ထက်ပိုရှိပါက၊ ပေါ်လစီစတင်ပြီး (၅) နှစ်ပြည့်ပြီးနောက် မတော်တဆမှုမဟုတ်သော အကြောင်းရင်းကြောင့် သေဆုံးခြင်း (သို့မဟုတ်) ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း ဖြစ်ပေါ်ပါက Daiichi Life မှ ပေါ်လစီစည်းကမ်းချက်များနှင့် ကိုက်ညီလျှင် ပေးဆောင်ပြီးသား အာမခံကြေး၏ ၁၀၀% ကို ပြန်လည်ပေးအပ်ပါမည်။

**၃။ ဝယ်ယူထားသော ပေါ်လစီတွင် မည်သည့်အရာများမပါဝင်ပါသလဲ။**

ဝယ်ယူထားသောပေါ်လစီတွင် အောက်ပါအကြောင်းရင်းများကြောင့် ဖြစ်ပေါ်လာသော အဖြစ်အပျက်များ အကျုံးမဝင်ပါ –

- မိမိကိုယ်ကို သေကြောင်းကြံခြင်း (သို့မဟုတ်) ရည်ရွယ်ချက်ရှိရှိ ကိုယ့်ကိုယ်ကိုယ် ထိခိုက်စေခြင်း
- ရောဂါများ၊ နာမကျန်းမှုများ (သို့မဟုတ်) ပေါ်လစီမစတင်မီ ရှိပြီးသားရောဂါများ
- စစ်ပွဲ၊ အကြမ်းဖက်မှု (သို့မဟုတ်) ဥပဒေမဲ့ လုပ်ရပ်များတွင်ပါဝင်မှု
- မူးယစ်ဆေးဝါး (သို့မဟုတ်) အရက် အလွဲသုံးစားမှု
- အန္တရာယ်မြင့် အားကစားများ (ဥပမာ – ရေငုပ်ခြင်း၊ တောင်တက်ခြင်း၊ ပြိုင်ကားမောင်းခြင်း)
- ကိုယ်ဝန်ဆောင်ခြင်း (သို့မဟုတ်) မွေးဖွားခြင်း
- စိတ်ပိုင်းဆိုင်ရာ ရောဂါများ
- ကိုယ်ခန္ဓာ ထိခိုက်ဒဏ်ရာနှင့် တိုက်ရိုက်မသက်ဆိုင်သော မတော်တဆမှုမဟုတ်သည့် အကြောင်းရင်းများ



### ၄။ ပရီမီယံကြေး ပေးသွင်းရန် မေ့လျော့ပါက မည်သို့ ဖြစ်ပါသလဲ။

ပရီမီယံကြေးပေးသွင်းရန် မေ့လျော့ပါက သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ် (သို့မဟုတ်) နှစ်စဉ် ပေးချေမှုအတွက် Grace Period (ကင်းလွတ်ခွင့်) ရက် (၃၀) ပေးအပ်ပါမည်။
Grace Period အတွင်း ပေါ်လစီသည် အသက်ဝင်နေမည် ဖြစ်ပါသည်။ သို့သော် အာမခံတောင်းဆိုမှု ဖြစ်ပေါ်လာပါက ပေးချေရန်ကျန်ရှိနေသည့် ပရီမီယံကြေးများကို ပေးဆောင်ရမည် ဖြစ်ပါသည်။

### ၅။ ဝယ်ယူပြီးနောက် ပေါ်လစီကို ပယ်ဖျက်နိုင်ပါသလား။

ဟုတ်ကဲ့။ ပေါ်လစီစာရွက်စာတမ်းများကို လက်ခံရရှိသည့်နေ့မှစ၍ (၂၁) ရက် (Free-Look Period) အတွင်း ပေါ်လစီကို ပယ်ဖျက်နိုင်ပါသည်။ အာမခံတောင်းဆိုမှု မပြုလုပ်ရသေးပါက၊ ဆေးစစ်ဆေးမှု ကုန်ကျစရိတ်များကို နှုတ်ယူပြီးနောက် ပေးဆောင်ပြီးသား ပရီမီယံကြေးအားလုံးကို ပြန်လည်ပေးအပ်ပါမည်။

### ၆။ အကျိုးခံစားခွင့်ဝန်ဆောင်မှုကို မည်သို့ရယူနိုင်မည်နည်း။

အကျိုးခံစားခွင့်ဝန်ဆောင်မှုအတွက် လူကြီးမင်း၏ အသက်အာမခံအကြံပေးမန်နေဂျာသို့ တိုက်ရိုက်ဆက်သွယ်၍သော်လည်းကောင်း (သို့မဟုတ်) ကျွန်တော်တို့ Customer Service Team
+၉၅ ၉ ၈၈၀ ၄၄၃ ၀၀၃ သို့လည်း ဆက်သွယ်နိုင်ပါတယ်။
မျှော်လင့်မထားတဲ့ ဘဝအလှည့်အပြောင်းတွေတိုင်းမှာ ကျွန်တော်တို့ ဒိုင်အိချိက လူကြီးမင်းနဲ့ အမြဲအတူရှိနေမှာပါ။

### ၇။ ပေးသွင်းထားသော ပရီမီယံများအတွက် အခွန်သက်သာခွင့်ရရှိနိုင်ပါသလား။

ပေးသွင်းထားသော ပရီမီယံများအားလုံးအတွက် အခွန်ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်ဦးချင်း ဝင်ငွေခွန်သက်သာခွင့် အကျိုးခံစားခွင့်ရရှိနိုင်မှာ ဖြစ်ပါသည်။

### ၈။ အသက်အာမခံထားရှိသူသည် မြန်မာနိုင်ငံပြင်ပတွင် နေထိုင်ရန် စီစဉ်ထားပါက မည်သို့ ဖြစ်ပါသလဲ။

အသက်အာမခံထားရှိသူသည် မြန်မာနိုင်ငံပြင်ပတွင် ဆက်တိုက် (၃)လထက် ပိုနေထိုင်ရန် ရည်ရွယ်ထားပါက ရည်ရွယ်ထားသည့်နေ့မှ (၃၀) ရက်အတွင်း Daiichi Life သို့ စာဖြင့် အသိပေးရပါမည်။
အန္တရာယ်အကဲဖြတ်မှုအပေါ် မူတည်၍ Daiichi Life သည် ပေါ်လစီကို ဆက်လက်ထားရှိခြင်း၊ ပြင်ဆင်ခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်း ပြုလုပ်နိုင်ပြီး ပေါ်လစီပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ပါမည်။

Daiichi
Active Care



ဒိုင်အီချိနဲ့ ဘဝကို စိတ်ကြိုက်ပုံဖော်လိုက်ပါ

## Daiichi Life Myanmar အကြောင်း

**Daiichi Life Myanmar** သည် ဂျပန်နိုင်ငံရှိ ထိပ်တန်းအသက်အာမခံကုမ္ပဏီဖြစ်သည့် **Daiichi Life Group** ၏ ကုမ္ပဏီခွဲတစ်ခု ဖြစ်ပါသည်။ **Daiichi Life Group** သည် နှစ်ပေါင်း (၁၂၀) ကျော်ကြာ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံပေါင်း (၉) နိုင်ငံမှ customer များနှင့် သူတို့၏မိသားစုဝင်များအတွက် အသက်အာမခံဝန်ဆောင်မှုများနှင့် အနာဂတ်အတွက် အာမခံချက်ရှိသည့် ငွေကြေးဆိုင်ရာ အကာအကွယ် ရရှိစေသည့် ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။

၂၀၁၉ ခုနှစ်တွင် **Daiichi Life Myanmar** သည် မြန်မာနိုင်ငံရှိ ပြည်သူများအတွက်လည်း ကမ္ဘာ့ အဆင့်မီ အသက်အာမခံဝန်ဆောင်မှုအား ပေးဆောင်နိုင်ရန် တရားဝင်လုပ်ငန်းလိုင်စင်ကို ရရှိခဲ့ပါသည်။ **"Customer First"** ဟူသည့် ခံယူချက်အတိုင်း မြန်မာနိုင်ငံရှိ ကျွန်တော်တို့၏ အသက်အာမခံလုပ်ငန်းကိုလည်း ပြည်တွင်းနှင့် နိုင်ငံတကာအဆင့်မီ ဝန်ထမ်းများနှင့်အတူ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများနှင့်တကွ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် ကျန်းမာပျော်ရွှင် စိတ်အေးချမ်းရခြင်းတို့ကို ဖန်တီးပေးနိုင်ရန် ရည်ရွယ်ပါသည်။

Daiichi Life Insurance Myanmar Ltd.
**Phone:** +95 9 880 443 003
**Email:** customercare@daiichilife.com.mm
**Website:** www.daiichilife.com.mm

000012-001-202602